
ကျောင်းပိတ်ရက်ရှည် ပုံပြင်ဇာတ်လမ်းများ (၁)

mgyoe.com

# ကြွက်ကလေး တောပြန်ခြင်း


သင်းမြမြကို
မြန် မာ ပြန် ဆို သည်



## The Town Mouse and The Country Mouse

Based on a story by Aesop
Retold by Lesley Sims
Illustrated by Jacqueline East

mgyoe.com




ကျောင်းပိတ်ရက်ရှည် ပုံပြင်ဇာတ်လမ်းများ(၁)

# ကြွက်ကလေး တောပြန်ခြင်း

## သင်းမြမြကို

မြန် မာ ပြန် ဆို သည်



TMMK0001
1,500.00 KS

mgyoe.com

ကျောင်းပိတ်ရက်ရှည် ပုံပြင်ဇာတ်လမ်းများ (၁) - ကြွက်ကလေး တောပြန်ခြင်း၊ သင်းမြမြကို
စာမျက်နှာ ၄၉ မျက်နှာ၊ ၁၄·၅ စင်တီ× ၂၀·၇ စင်တီ

ထုတ်ဝေသူ - ဦးစန်းဦး၊ စိတ်ကူးချိုချိုစာပေ(၀၀၅၃၈)၊ ၈၅၊ ၁၆၄လမ်း၊ တာမွေ၊ ရန်ကုန်။
ပုံနှိပ်သူ - ဒေါ်ဝင်းမာ၊ စိတ်ကူးချိုချိုပုံနှိပ်တိုက်(၀၀၄၁၂)၊ ၁၁၇၉၊ မစိုးရိမ်လမ်း၊ ရန်ကင်း။
၂၀၁၉၊ မတ်လ၊ ပထမအကြိမ်၊ အုပ်ရေ ၅၀၀၊

ရောင်းဈေး ၁ ၅ ၀ ၀ ကျပ်

*email: skccph@gmail.com ; P.O.Box: 705*
*www.facebook.com/SKCCmyanmarbook*
*www.skccmyanmarbook.com*

mgyoe.com

mgyoe.com

စိတ်ကူးချိုချိုစာအုပ်

ကျောင်းပိတ်ရက်ရှည်
ပုံပြင်ဇာတ်လမ်းများ(၁)

# ကြွက်ကလေး တောပြန်ခြင်း

သင်းမြမြကို
မြန်မာပြန်ဆိုသည်

ပထမအကြိမ်၊ ၂၀၀၉

mgyoe.com

mgyoe.com

mgyoe.com


mgyoe.com

ကျောင်းပိတ်ရက်ရှည် ပုံပြင်ဇာတ်လမ်းများ (၁)

# ကြွက်ကလေး တောပြန်ခြင်း

သင်းမြမြကို


မြန် မာ ပြန် ဆို သည်



**The Town Mouse and The Country Mouse**

Based on a story by Aesop
Retold by Lesley Sims
Illustrated by Jacqueline East


mgyoe.com



mgyoe.com
mgyoe.com

## ကြွက်ကလေးတောပြန်ခြင်း

mgyoe.com

တစ်ခါက ဆိတ်ငြိမ်အေးချမ်းတဲ့ ရွာကလေးတစ်ရွာမှာ နေထိုင်တဲ့ အညိုရောင်အဆင်းရှိတဲ့ တောကြွက်ကလေးတစ်ကောင် ရှိခဲ့သတဲ့။



mgyoe.com



F_2B

## ကြွက်ကလေးတောပြန်ခြင်း

mgyoe.com


အဲဒီကြွက်ကလေးရဲ့နာမည်က ပီပင်းလို့ခေါ်တယ်။
ပီပင်းက ချုံတန်းတွေကြားထဲမှာ
သူ့အိမ်ကို ဆောက်ထားတယ်။



mgyoe.com

mgyoe.com

နွေဦးရာသီမှာ ပီပင်းက နေရောင်ခြည်အောက်မှာ မှေးစက်အိပ်ပျော်ရင်း ငှက်ကလေးတွေရဲ့ တေးသီသံတွေကို နားထောင်တတ်သတဲ့။



mgyoe.com

mgyoe.com



mgyoe.com

mgyoe.com

နွေရာသီရောက်ချိန်မှာတော့ အရည်ရွှမ်းတဲ့ စတော်ဘယ်ရီအရိုင်းသီးတွေကို
တတိတိကိုက်စားရင်း၊ ချိုမြိန်ပြီး အစိမ်းရောင်ရှိတဲ့
အရွက်တွေကို ကိုက်ဖြတ်စားသောက်ရင်း ဖိမ်ကျလေ့ရှိတာပေါ့။



နောက်တော့ ပိပင်းက တစ်နေရာနဲ့တစ်နေရာကို ခုန်ပေါက်ပြေးလွှားရင်း
အစားအသောက်တွေ စုဆောင်းတယ်။ မကြာခင် ရောက်လာတော့မယ့်
နှင်းခဲတဲ့ဆောင်းရာသီမှာ နွေးထွေးတဲ့အိပ်ရာရှိထားဖို့
မြက်တွေကိုကိုက်ဖြတ်ပြီး စုဆောင်းလိုက်တယ်။

mgyoe.com

mgyoe.com

ရာသီဥတု တဖြည်းဖြည်းအေးလာချိန်မှာ သစ်ရွက်တွေက
ရွှေဝါရောင်သမ်းလာပြီဆိုတော့ ပီပင်းက သူ့ရဲ့ နွေးထွေးတဲ့အိမ်ထဲမှာပဲ
နေလိုက်ပါတော့တယ်။



အေးစိမ့်လွန်းတဲ့ ဆောင်းရာသီရဲ့နေ့တစ်နေ့မှာ ပီပင်းက
မီးလင်းဖိုဘေးမှာထိုင်နေတုန်း တံခါးခေါက်သံ ကြားလိုက်ရတယ်။

mgyoe.com

mgyoe.com

"ဟဲလို... အထဲမှာ ပီပင်းရှိလား" ဆိုတဲ့
အပြင်ကခေါ်သံကိုပါ ကြားလိုက်ရသတဲ့။ ဒီတော့
ပီပင်းက တံခါးရှိရာကိုထသွားပြီး ဖွင့်ပေးလိုက်တယ်။




အပြင်မှာရောက်နေသူက သူ့ရဲ့ဝမ်းကွဲအစ်ကို 'တိုဘီ'ဆိုတဲ့
မြို့ကြွက်ဖြစ်နေတာ တွေ့လိုက်ရတယ်။

mgyoe.com

mgyoe.com

“မင်း အံ့ဩသွားတယ်မဟုတ်လား၊ ငါ မင်းဆီကို အလည်လာတာလေ” လို့
တိုဘီက အားပါးတရ ပြုံးပြီး နှုတ်ဆက်တယ်။ ဒီအခါ ပီပင်းက
“လာလာ ... အထဲဝင်၊ အပြင်မှာအေးတယ်” လို့ ပြောပြီး
သူ့အစ်ကိုဝမ်းကွဲ တိုဘီကို အထဲခေါ်လိုက်တယ်။



mgyoe.com

mgyoe.com

နောက်တော့ ပိပင်းက ''အစ်ကို့အတွက် ထိုင်ခုံလုပ်ပေးမယ်'' လို့ ပြောရင်း နှုးညံ့ပြီး ပျော့ပြွနေတဲ့ နေညှိတွေကို စုပုံပေးလိုက်တယ်။ သူ့အစ်ကို တိုဘီ ထိုင်ဖို့ခုံပေါ့။



''ဟ ... မင်းဆီမှာ ထိုင်ခုံတစ်လုံးမှတောင် မရှိဘူးလား၊ ဒီရေညှိတွေက စိုစိုစိစိနဲ့ အေးမှာပေါ့ကွာ၊ ငါ ဘယ်လိုလုပ်ထိုင်ရမှာလဲ'' လို့ တိုဘီက စိတ်ပျက်စွာနဲ့ ပြောလိုက်တယ်။

mgyoe.com




F 3B

ကြွက်ကလေးတောပြန်ခြင်း

mgyoe.com

ဒီအခါ ပီပင်းက သက်ပြင်းတစ်ချက်ချလိုက်ပြီး
သူ့ဝမ်းကွဲအစ်ကို တိုဘီကို မထိုင်ဘဲ လမ်းလျှောက်နေဖို့ ပြောလိုက်တယ်။
တိုဘီက မြို့ကြွက်ပီပီ ပီပင်းရဲ့တောကအိမ်ကိုကြည့်ပြီး မကျေမနပ်
စိတ်ပျက်လက်ပျက်နဲ့   ညည်းတွားပြောဆိုနေတာပေါ့။



တကယ်တော့ တိုဘီက ချမ်းနေပါပြီ။
ပီပင်းရဲ့အိမ်က ဗွက်လည်းထူတယ်။
ပန်းအနံ့တွေကို ရှူမိတော့ နှာချေပြန်တယ်။

mgyoe.com

mgyoe.com

အဲဒီနေ့ညမှာ ပီပင်းက ညစာပြင်ဖို့အတွက်
အစားအစာသိုလှောင်ခန်းဆီသွားလိုက်တယ်။



''ကျွန်တော်တို့ စားကောင်းသောက်ဖွယ်တွေ ပြင်ကြရအောင် အစ်ကိုရေ'' လို့ ပီပင်းက ပြောပြီး အကြွပ်ဆတ်ဆုံးသော အစေ့အဆန်တွေ၊ အရည်ရွှမ်းတဲ့ ဘယ်ရီသီးတွေကို ထုတ်ယူလိုက်တယ်။ ပြီးတော့ – ''ကျွန်တော့်ဆီ ဧည့်သည်က အမြဲမလာတတ်ဘူးလေ၊ အခုလည်း အစ်ကိုတစ်ယောက်ပဲရှိတာဆိုတော့ စားစရာတွေက အများကြီးပဲပေါ့'' လို့ ပြောလိုက်တယ်။

mgyoe.com

mgyoe.com

ဒါပေမဲ့ တိုဘီက စိတ်ပျက်တဲ့လေသံနဲ့ ပြန်ပြောတယ်။
"ငါက အစေ့အဆန်တွေကိုစားရမှာ မုန်းလွန်းလို့ကွာ၊
ဒါနဲ့ မင်းမှာရှိတဲ့ အစားအစာတွေက ဒါအကုန်ပဲလား၊
အခြားဘာမှမရှိတော့ဘူးလား"




"ငါ မြို့မှာနေတုန်းကဆို ဘုရင်တစ်ပါးလိုမျိုး
စားစရာအစုံအလင်နဲ့ စားသောက်ခဲ့တာကွ"

mgyoe.com

mgyoe.com

တိုဘီရဲ့ပြောစကားကြောင့် ပီပင်းက အံ့သြသွားတယ်။
"တကယ်ပဲလား အစ်ကို"
ဘုရင်တွေက အခွံမာသီးရဲ့ အစေ့အဆန်တွေ၊
ဘယ်ရီသီးတွေထက်ပိုကောင်းတာကို စားတယ်ဆိုတာမျိုးကို
ပီပင်းက စဉ်းစားလို့မရအောင် ဖြစ်နေတာပေါ့။



တိုဘီက ပီပင်းကို ဆက်ပြောတယ်။
"မင်း မြို့ကို တစ်ခေါက်လောက် ကိုယ်တိုင်လာပြီးကြည့်ပါလား၊
တောဆိုတာက စိတ်ပျက်စရာကြီးပါကွာ၊ မင်းသာ မြို့ကို
တစ်ခေါက်လောက်ရောက်ဖူးပြီးပြီဆိုရင် ဒီလိုရာသီမျိုးမှာ
တောကိုပြန်ချင်မှာ မဟုတ်တော့ဘူး၊ ရွှံ့ဗွက်ထူတဲ့ ပန်းနံ့တွေနံစော်နေတဲ့
နေရာကို နောက်တစ်ကြိမ်လာချင်တော့မှာ မဟုတ်ဘူး"

mgyoe.com

mgyoe.com

နောက်တစ်နေ့ အရုဏ်တက်ချိန်မှာ ပီပင်းက အိပ်ရာကနိုးပြီး
အိပ်ချင်မူးတူးနဲ့ မျက်လုံးကိုပွတ်လိုက်တယ်။
ဒီနေ့တော့ သူကိုယ်တိုင်မြို့ကို တွေ့ရတော့မယ်လေ။




"ကဲ ... လာ ငါတို့ မြို့ကိုသွားဖို့ ရထားစီးရမယ်" လို့
မြို့ကြွက်တိုဘီက ပီပင်းကို သတိပေးလိုက်တယ်။

mgyoe.com

mgyoe.com

ပီပင်းက နံနက်စာအဖြစ် ဘယ်ရီသီးတွေကို ခပ်သုပ်သုပ်လေး စားလိုက်တယ်။ ဒါကိုကြည့်ပြီး 'ပေါင်မုန့်မီးကင် မရှိဘူးလား' လို့ တိုဘီက မေးလိုက်သေးသတဲ့။ နောက်တော့ တိုဘီနဲ့ပီပင်းတို့နှစ်ယောက် ဘူတာရုံကို အပြေးအလွှားသွားလိုက်ကြတယ်။




မကြာခင်မှာပဲ ရထားလမ်းမှာခင်းထားတဲ့ ကျောက်ခဲတွေရဲ့ တုန်ခါလှုပ်ရှားသံနဲ့အတူ ရေနွေးငွေ့အင်ဂျင်နဲ့မောင်းတဲ့ မီးရထားစက်ခေါင်း ခုတ်မောင်းသံကိုပါ တစ်ခါတည်းကြားလိုက်ရသတဲ့။

mgyoe.com

mgyoe.com

"ဟော ... ဟိုမှာ ရထားလာနေပြီ" လို့ ပီပင်းက အံ့ဩစွာနဲ့အော်လိုက်တယ်။ ရထားကြီးက စက်ခေါင်းရဲ့ခေါင်းတိုင်ကနေ မီးခိုးငွေ့တွေကို တရှူးရှူး မှုတ်ထုတ်ရင်း ဘူတာမှာ ထိုးဆိုက်သွားပါသတဲ့။



"မြန်မြန်တက် ... အဲဒီအစိမ်းရောင်အိတ်ထဲကို ခုန်ဝင်လိုက်" လို့ တိုဘီက ညွှန်ကြားလိုက်တယ်။

mgyoe.com



F_4B_B

mgyoe.com


အစိမ်းရောင်ကျောပိုးအိတ်ကိုလွယ်ပြီး ရထားပေါ်တက်လာတဲ့
ကောင်လေးကိုမြင်လို့ တိုဘီက အဲဒီလိုပြောလိုက်တာပါ။
နောက်တော့ တိုဘီနဲ့ပီပင်းတို့က ကောင်လေးရဲ့အိတ်ထဲမှာ
ကျပ်ကျပ်တည်းတည်းနဲ့ လိုက်ပါသွားတော့တာပေါ့။




mgyoe.com

mgyoe.com


ရထားကြီးက စူးရှတဲ့ဥဩသံနဲ့အတူ မီးခိုးတွေကို မှုတ်ထုတ်ရင်း
ဘူတာကနေ တဖြည်းဖြည်းထွက်ခွာသွားပါတော့တယ်။



mgyoe.com


mgyoe.com

ပီပင်းက ကောင်လေးရဲ့အိတ်ထဲကနေ ပြတင်းပေါက်ကို
လှမ်းမျှော်ကြည့်လိုက်တယ်။ သူ့အတွက် မြို့ကိုသွားတဲ့ခရီးတစ်လျှောက်မှာ
စိတ်လှုပ်ရှားစရာတွေပေါ့။ အစပထမမှာ ရထားကြီးက
လယ်ကွင်းတွေကိုဖြတ်သွားတယ်။ ပြီးတော့
ရထားလမ်းတစ်ဖက်တစ်ချက်မှာရှိနေတဲ့ သစ်ပင်တွေကို ဖြတ်သွားတယ်။




mgyoe.com

mgyoe.com



ရထားအသံ ခပ်အုပ်အုပ်နဲ့ ဆက်လက်ခုတ်မောင်းသွားတယ်။
ခဏအကြာမှာတော့ ဘေးတစ်ဖက်တစ်ချက်မှာ ဘာသစ်ပင်မှ မရှိတော့ပါဘူး။
အဆောက်အအုံအမြင့်ကြီးတွေ၊ မီးခိုးခေါင်းတိုင်ကြီးတွေက ကောင်းကင်ကို
ထိတော့မယ့်အတိုင်း မြင့်မားစွာရှိနေတာကို တွေ့ရတယ်။

mgyoe.com